“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် [၄] ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၇/၂၀၂၄)

အမှတ်စဉ် (၁၇/၂၀၂၄) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ ဧပြီလ (၂၂) ရက်။



## အမျိုးသားညီညွတ်ရေးအစိုးရ

# ပြည်သူ၏ ဘေးဒုက္ခများကို ဖြေရှင်းဆောင်ရွက်ရာတွင် မယောင်ရာ ဆီလူးမလူးဘဲ လက်တွေ့ကျပြီးထိရောက်ရမည်ဟု NUG ယာယီသမ္မတက တိုက်တွန်းပြောကြား




မြန်မာစကားပုံတစ်ခုတွင် ခုတ်ရာ တခြား၊ ရှရာ တလွဲ ဆိုသည့် စကားရှိကြောင်း၊ ပြည်သူ၏ ဘေးဒုက္ခများကို ဖြေရှင်းဆောင်ရွက်ရာတွင် မယောင်ရာ ဆီလူးနေ၍ မရကြောင်း၊ ထိထိရောက်ရောက်ဖြစ်ရန်၊ လက်တွေ့ကျကျ ဖြစ်ရန်လိုအပ်ကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည်များကို ဖြစ်မြောက်အောင် ကြိုးစားအားထုတ်ရန်လိုအပ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ဧပြီ ၁၆ ရက် အစိုးရအဖွဲ့ အစည်းဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

ပြည်သူ့အရေးအရာ ကိစ္စများကို ဆွေးနွေးအဖြေရှာရာတွင် အရှိပကတိနှင့် ကင်းကွာ၍ မရကြောင်း လူထုက လက်တွေ့ ခံစားနေရသည့် အခက်အခဲ ပြဿနာများကို အရှိပကတိအတိုင်း နားလည်မှသာ နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာမှုများက ထိရောက်မှန်ကန်မည်ဖြစ်ကြောင်း ယာယီသမ္မတက ဆက်လက်ပြောကြားခဲ့သည်။

"နွေဦးတော်လှန်ရေးအတွင်းက မွေးဖွားလာတဲ့ မျက်နှာသစ်နိုင်ငံရေးအင်အားစုတွေထဲမှာ ရဲရင့်တက်ကြွပြီး စိတ်အားထက်သန်ပြင်းပြတဲ့ လူငယ်မျိုးဆက်သစ်တွေ အမြောက်အမြား ရှိတာကို သတိထားမိပါတယ်။ ဒါဟာ နွေဦးတော်လှန်ရေးအတွက် ခွန်သစ်အားသစ်ဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဒီလို မျက်နှာသစ်နိုင်ငံရေးအင်အားစုတွေ၊ သွေးသစ်တော်လှန်ရေး အင်အားစုတွေကို ကျွန်တော်တို့ အားလုံး လက်တွဲခေါ်ယူပြီး တသားတည်း လျှောက်လှမ်းနိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်" ဟု ယာယီသမ္မတက ပြောကြားခဲ့သည်။ https://go.nugmyanmar.org/90dbcbad

90dbcbad

Powered by Go.NUG

# ပြည်သူကို နိုင်ထက်စီးနင်း မဆက်ဆံမိရေး အာဏာပါဝါ လက်ကိုင်ထားပြီး ဦးဆောင်မှုများ မမှားယွင်းကြရန် လွန်စွာ အရေးကြီးဟု NUG ပြည်ထောင်စုဝန်ကြီးချုပ်က တိုက်တွန်းပြောကြား




မြို့နယ်အဆင့် တာဝန်ယူထားသူများအနေဖြင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေကြရသည့်အတွက် အထူးသတိထားကြဖို့ လိုအပ်ကြောင်း၊ ပြည်သူကို နိုင်ထက်စီးနင်း မဆက်ဆံမိဖို့၊ အာဏာပါဝါလက်ကိုင်ထားပြီး ဦးဆောင်မှုတွေ မမှားယွင်းကြဖို့ အင်မတန် အရေးကြီးကြောင်း၊ အခွန်ကောက်ခံမှု လုပ်ငန်းများသည် ပြည်သူများ အပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး အထူးသတိပြုရန် လိုအပ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဧပြီလ ၁၉ ရက် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

https://go.nugmyanmar.org/19ecc974

19ecc974

Powered by Go.NUG

# အကြမ်းဖက်စစ်ကောင်စီဘက်က ဗိုလ်မှူးချုပ်အဆင့်အထိ ကျဆုံးမှုတွေရှိခဲ့ပြီး လွန်စွာအထိနာနေပြီဟု NUG ပြည်ထောင်စု ဝန်ကြီးချုပ် ပြောကြား

စစ်တပ်၏ လူအင်အားနှင့် အရင်းအမြစ်များ ဆုံးရှုံးနစ်နာမှုများကို ကိန်းဂဏန်းများနှင့် အတိအကျရဖို့ ခက်ခဲသော်လည်း စစ်ဆင်ရေး ၁၀၂၇ မှ စပြီး စစ်တပ်ဘက်က စစ်မြေပြင်တွင် အဆင့်အမြင့်ဆုံး တပ်မတော်အရာရှိ ဗိုလ်မှူးချုပ်အဆင့်အထိ ကျဆုံးမှုတွေ ရှိခဲ့ခြင်းသည် အကြမ်းဖက်စစ်တပ်အတွက် များစွာအထိနာ ဆုံးရှုံးမှုကို ပြသနေကြောင်း၊ ထို့ပြင် စစ်မြေပြင်များတွင် ရာထူးအမြင့်ဆုံး အရာရှိများ ကျဆုံးမှုက စစ်တပ်သမိုင်းတွင် မကြုံစဖူးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဧပြီ ၁၆ ရက် အမျိုးသားညီညွတ်ရေးအစိုးရ ဖွဲ့စည်းခြင်း (၃) နှစ်ပြည့်မိန့်ခွန်း တွင်ပြောကြားခဲ့သည်။နေပြည်တော်ကိုပါ ခြိမ်းခြောက်နိုင်သည့် စစ်ဆင်ရေးကို ဆင်နွှဲနိုင်ခဲ့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမြို့များ သိမ်းပိုက်နိုင်ခဲ့ခြင်းမှာ နွေဦးတော်လှန်ရေးအောင်ပွဲဆီသို့ တစတစ နီးစပ်လာသည်ကို ပြသနေကြောင်း၊နိုင်ငံတကာ အသိုက်အဝန်းအနေနှင့်လည်း ၃ နှစ်ကျော်ကြာ တိုင်အောင် ပြည်သူများ၏ ဇွဲရှိရှိဖြင့် ယုံကြည်ချက်၊ မျှော်လင့်ချက် ပြင်းပြစွာ စစ်အာဏာရှင်စနစ် အပြီးတိုင် ဖျက်သိမ်းနိုင်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရန် ကြိုးပမ်းအားထုတ်မှုများကို အားပေးထောက်ခံပြီး နိုင်ငံရေးအရ လိုအပ်သည့် ပံ့ပိုးကူညီမှုများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ဆက်လက်ကူညီပေးနိုင်ရန် အတွက်လည်း ထပ်မံတိုက်တွန်းကြောင်း ပြည်ထောင်စုဝန်ကြီးချုပ်ကပြောကြားခဲ့သည်။

https://go.nugmyanmar.org/7c875193

7c875193

Powered by Go.NUG

# အာဏာရှင်စနစ် အမြစ်ပြတ် ဖြုတ်ချရေး "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီနှင့် လက်တွဲဆောင်ရွက်မည်ဟု NUG က "ဝ" ပြည် ငြိမ်းချမ်းရေးတည်ဆောက်မှု (၃၅) နှစ်ပြည့်သို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့

အာဏာရှင်စနစ် အမြစ်ပြတ် ဖြုတ်ချရေး၊ စစ်မှန်သည့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် ဝပြည်သွေးစည်း ညီညွတ်ရေး ပါတီနှင့် လက်တွဲဆောင်ရွက်မည်ဟု အမျိုးသားညီညွတ်ရေးအစိုးရက ဧပြီ ၁၇ ရက် "ဝ" ပြည် ငြိမ်းချမ်းရေးတည်ဆောက်မှု (၃၅) နှစ်ပြည့်သို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့သည်။

အကြမ်းဖက်စစ်အာဏာရှင်ကို အပြီးသတ်ချေမှုန်းနိုင်မှသာ "ဝ" တိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသား ပြည်သူများ လိုလားသည့် အမျိုးသားတန်းတူညီမျှမှု အပြည့်အဝရှိသည့် အနာဂတ် ဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ အာဏာရှင်စနစ် အမြစ်ပြတ် ဖြုတ်ချရေး၊ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ အတွက် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် လက်တွဲဆောင်ရွက်မည်ဟု သဝဏ်လွှာထဲတွင် ဖော်ပြထားသည်။

"ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် "ဝ" ပြည် ပြည်သူ့အစိုးရအနေဖြင့် ၁၀၂၇ စစ်ဆင်ရေးအတွင်း ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသအတွင်းသို့ ဝင်ရောက်စစ်ဘေးရှောင်လာကြသည့် ပြည်သူများကို ကာကွယ် စောင့်ရှောက်ပေးသည့် အပေါ်လည်း လေးစားဂုဏ်ယူ ကျေးဇူးတင်ရှိကြောင်း ဆက်လက်ဖော်ပြထားသည်။ https://go.nugmyanmar.org/3c30d68f


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံတော်သမ္မတရုံး
presidentoffice@nugmyanmar.org

"ဝ" ပြည် ငြိမ်းချမ်းရေးတည်ဆောက်မှု (၃၅) နှစ်ပြည့် အခါသမယသို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတ ဒူဝါလရှီးလမှ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၄ ခုနှစ် ဧပြီလ (၁၇) ရက်

၁၉၈၉ ခုနှစ် ဧပြီလ (၁၇) ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ၏ ယနေ့ကျရောက်သော (၃၅) နှစ်ပြည့် အခါသမယမှသည် နောင်လာမည့်နှစ်ပေါင်းများစွာ ဝအမျိုးသားခေါင်းဆောင်များနှင့် ဝပြည်နယ်ရှိ တိုင်းရင်းသားပြည်သူလူထုများ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်တောင်း ဆန္ဒပြုအပ်ပါသည်။

ဝပြည်သွေးစည်းညီညွတ်ရေးပါတီသည် စတင်တည်ထောင်သည့် အချိန်မှစ၍ ယနေ့အထိ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စစ်အာဏာရှင်စနစ်မှ လွတ်မြောက်ရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုစနစ် ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများကို ဦးဆောင်ဦးရွက်ပြုကာ ကူညီပံ့ပိုးခဲ့သည်များကိုလည်း ဂုဏ်ယူမိပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် လက်ရှိ ဝပြည်က ရရှိထားသည့် တည်ငြိမ်အေးချမ်းမှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် တရားဥပဒေစိုးမိုးမှုများကို ဆက်လက် ထိန်းသိမ်းနိုင်ရန်နှင့် ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ ပြည်သူ့အစိုးရနှင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်တို့က ဆက်လက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုပါသည်။

ဝပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် ဝပြည်ပြည်သူ့အစိုးရအနေဖြင့် ၁၀၂၇ စစ်ဆင်ရေးအတွင်း ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသအတွင်းသို့ ဝင်ရောက်စစ်ဘေးရှောင်လာကြသော ပြည်သူများကို ကာကွယ် စောင့်ရှောက်ပေးသည့်အပေါ်လည်း လေးစားဂုဏ်ယူကျေးဇူး ဥပကာရ တင်ရှိပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အကြမ်းဖက်စစ်အာဏာရှင်ကို အပြီးသတ်ချေမှုန်းနိုင်မှသာ ဝတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများ လိုလားသည့် အမျိုးသားတန်းတူညီမျှမှု အပြည့်အဝရှိသည့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အာဏာရှင်စနစ်အမြစ်ပြတ်ဖြုတ်ချရေး၊ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် ဝပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း ဆန္ဒပြုအပ်ပါသည်။

၁၇/၄/၂၀၂၄
ဒူဝါလရှီးလ
နိုင်ငံတော်ယာယီသမ္မတ
အမျိုးသားညီညွတ်ရေးအစိုးရ

## ကာကွယ်ရေးဝန်ကြီးဌာန

# အကြမ်းဖက်စစ်ကောင်စီ၏ ကာကွယ်ရေးပစ္စည်းစက်ရုံ (၂၁) ၏ နေရာပေါင်း ၂၀ အား PDF တပ်များက တစ်ပြိုင်နက် တိုက်ခိုက်ခဲ့




ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (C3C) က ဆုံးဖြတ် သတ်မှတ်ပေးထားသည့် စစ်မဟာဗျူဟာ ပစ်မှတ်များ ထဲက တစ်ခုအဖြစ် ဧပြီ ၁၆ ရက် မနက်ပိုင်းတွင် အမှတ် (၂၁) ကာကွယ်ရေးပစ္စည်းစက်ရုံ၏ စစ်ဆင်ရေး ပစ်မှတ် နေရာ (၂၀) ခုကို ပြည်သူ့ကာကွယ်ရေး တပ်မတော် (PDF)၊ အမှတ် (၁) စစ်ဒေသ၊ မကွေးတိုင်း ကွပ်ကဲရေးရုံး အောက်ရှိ တပ်ရင်းတပ်ဖွဲ့များက တပြိုင်နက် တိုက်ခိုက်ခဲ့ကြောင်း PDF စစ်ရုံးချုပ်က ဧပြီလ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယင်းတိုက်ခိုက်မှုကြောင့် အမှတ် (၂၁) ကာကွယ်ရေးပစ္စည်း စက်ရုံ ထိခိုက်ပျက်စီးမှုများကို အသေးစိတ် စုံစမ်းနေဆဲဖြစ်ပြီး စစ်ဆင်ရေး ရည်မှန်းချက်များ အောင်မြင်ခဲ့ကြောင်း ဆက်လက်ဖော်ပြထားသည်။ အဆိုပါတိုက်ခိုက်မှုကို ပြည်သူ့ကာကွယ်ရေး တပ်မတော် (PDF)၊ အမှတ် (၁) စစ်ဒေသ၊ မကွေးတိုင်း ကွပ်ကဲရေး ရုံး ကွပ်ကဲမှုနှင့် မကွေးတိုင်း ဒရုန်း လက်ရုံးတပ်၊ တိုင်းရုံး တိုက်ခိုက်ရေးအဖွဲ့၊ ပခုက္ကူခရိုင် အမှတ် (၁၊ ၄၊ ၅၊ ၈၊ ၁၁၊ ၁၉) တပ်ရင်းများ၊ ဂန့်ဂေါခရိုင်အမှတ် (၃၊ ၅၊ ၆၊ ၁၃) တပ်ရင်းများ၊ မကွေးခရိုင် အမှတ် (၁) တပ်ရင်းနှင့် သခင်ဖိုးလှကြီးအဖွဲ့တို့က သက်ဆိုင်ရာ စစ်ဆင်ရေး ပစ်မှတ်နေရာများကို တိုက်ခိုက်ခဲ့ကြောင်းဖော်ပြထားသည်။

https://go.nugmyanmar.org/d1e180a3

d1e180a3
Powered by Go.NUG

# အရာတော်၊ ကမ်းဖြူရွာ အနီးတွင် ရန်သူ့တပ်ကို ကြားဖြတ်တိုက်ခိုက်မှု ဗိုလ်ကြီး (၁) ဦးအပါအဝင် (၂၀) ဦး သေဆုံး



အရာတော်၊ ကမ်းဖြူရွာ အနီးတွင် ရန်သူ့တပ်ကို ကြားဖြတ်တိုက်ခိုက်ခဲ့ရာ ဗိုလ်ကြီး (၁) ဦးအပါအ ဝင် (၂၀) ဦး သေဆုံးခဲ့ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၁၄ ရက်တွင်ထုတ်ပြန်ခဲ့သည်။

ဧပြီလ (၁၂) ရက်တွင် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် (နမခ)၊ ထပရ (၉၂၉) တပ်မှ အရာတော် စခတ (၁၀) သို့ သင်တန်းသားသစ် (၂၅၀) ဦး ပို့ဆောင်ရန် ထွက်လာသည့် (၁၂) ဘီးကား (၅) စီးနှင့် Express ကား (၁) စီးကို အမှတ် (၁) စစ်ဒေသ၊ မုံရွာခရိုင်ကွပ်ကဲမှုဖြင့် မုံရွာခရိုင်ကွန်မန်ဒိုတပ်ဖွဲ့၊ မုံရွာခရိုင် လက်နက်ကြီးအဖွဲ့၊ မုံရွာခရိုင် တပ်ရင်း (၆၊ ၁၉၊ ၂၄)၊ အရာတော်မြို့နယ် ပကဖ၊ အရာတော်မြို့နယ် တိုက်နယ် (၁၁) ပကဖ၊ မိတ္ထီလာခရိုင် တပ်ရင်း (၂)၊ Danger Force LPDF၊ ကျားသစ်နက် LPDF၊ Special Revolution Force LPDF အဖွဲ့များက အရာတော်မြို့နယ်၊ ကမ်းဖြူရွာ အနီးတွင် ကြားဖြတ် တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြထားသည်။

တိုက်ပွဲအတွင်း ရန်သူ့တပ်ထံမှ လက်နက်မျိုးစုံ (၆) လက်၊ ခဲယမ်းမီးကျောက်များနှင့် စစ်အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး ဗိုလ်ကြီး (၁) ဦး အပါအဝင် (၂၀) ဦး သေဆုံး၊ (၁၅) ဦး ထိခိုက်ဒဏ်ရာရကြောင်းနှင့် စစ်သုံ့ပန်း (၄၉) ဦး ဖမ်းဆီးရမိခဲ့ကြောင်း ဖော်ပြထားသည်။ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးရမိသူများထဲတွင် အဓမ္မလူသစ် စုဆောင်းခံရသူများ ပါဝင်ကြောင်း ဆက်လက်ဖော်ပြထားသည်။ https://go.nugmyanmar.org/fd5bb886

fd5bb886
Powered by Go.NUG

## နိုင်ငံခြားရေးဝန်ကြီးဌာန

# နိုင်ငံတကာအနေဖြင့် စစ်တပ်၏ တရားမဝင် အတင်းအကြပ် စစ်သားစုဆောင်းရေးကြောင့် ထွက်ပြေး ပုန်းရှောင်နေရသည့် မြန်မာလူငယ်များ၏ မျှော်မှန်းချက်များကို မမေ့လျော့သင့်ကြောင်း ဦးကျော်မိုးထွန်းပြောကြား



နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် စစ်တပ်၏ တရားမဝင် အတင်းအကြပ် စစ်သားစုဆောင်းရေးကြောင့် ထွက် ပြေးပုန်းရှောင်နေရသည့် မြန်မာလူငယ်များ၏ မျှော်မှန်းချက်များကို မမေ့လျော့သင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းက ဧပြီ ၁၇ ရက် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် စီးပွားရေးနှင့် လူမှုရေးကောင်စီအောက်မှ ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အကြမ်းဖက်စစ်တပ်၏ တရားမဝင် အတင်းအကြပ် စစ်သားစုဆောင်းရေးကြောင့် ပြည်သူများ ကြုံတွေ့နေသော ဒုက္ခကို ပိုမိုဆိုးရွားစေကြောင်း၊ လူငယ်အချို့မှာ ပုန်းရှောင်နေရပြီး အချို့မှာ ပြည်ပနိုင်ငံများကို ထွက်ပြေးကြရကြောင်း လူငယ်များအား အနာဂတ်မဲ့စေသည့် ထိုသို့သော အခြေအနေဆိုး တစ်ရပ်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရကြောင်းသံအမတ်ကြီးက ပြောကြားခဲ့သည်။

ထို့ပြင် လူငယ်များသည် မြန်မာနိုင်ငံ၏အနာဂတ်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာလူငယ်များ၏ မျှော်မှန်းချက်များကို မမေ့လျော့သင့်ကြောင်း၊ ထို့အတူ 2030 Agenda ကို ဖော်ဆောင်ပြုလုပ်ရာတွင် မည်သူတစ်ဦးတစ်ယောက် ကိုမျှ မချန်လှပ်ရေးမူနှင့်အညီ လိုအပ်သော ထိရောက်သော အရေးယူမှုများကို အလျင်အမြန် ဆောင်ရွက်သင့်ကြောင်းသံအမတ်ကြီးက ဆက်လက်ပြောကြားခဲ့သည်။ https://go.nugmyanmar.org/fb7f7c91

fb7f7c91
Powered by Go.NUG

## လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာန

# "ပြည်သိမ်းအိမ်ပြန် တော်လှန်သကြံန်" ပွဲမှ ရရှိသည့် ရန်ပုံငွေ ကျပ်သိန်း ၅၀၀ ကို စစ်ဘေးရှောင် ပြည်သူများကို လှူဒါန်း


ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန
mohadm@nugmyanmar.org

မှတ်တမ်းတင်ဂုဏ်ပြုလွှာ

အကြမ်းဖက် စစ်ကောင်စီ၏ မတရားအာဏာသိမ်းမှုကြောင့် ဘေးဒုက္ခ ခံစားနေရသော ပြည်သူများအတွက် ကဏ္ဍပေါင်းစုံမှ ပိုမိုလိုအပ်လာသည့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရန် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးကော်မတီ (ကိုရီးယား)မှ ကမကထပြု ကျင်းပခဲ့သည့် "ပြည်သိမ်းအိမ်ပြန် တော်လှန်သကြံန်"ပွဲ
က
KRW တစ်ရာ ခုနစ်ဆယ့် ကိုးသိန်း ရှစ်သောင်း ငါးထောင် ခြောက်ရာ တစ်ဆယ့် တစ် (DMMK ၅၀,၀၀၀,၀၀၀)
ကို စေတနာထက်သန်စွာ လှူဒါန်းမှုအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

အမှတ်စဉ် - 131872
နေ့စွဲ - 2024-04-17

ဒေါက်တာဝင်းမြတ်အေး
ပြည်ထောင်စုဝန်ကြီး

ကိုရီးယားနိုင်ငံ၊ ဘူဖျောင်းမြို့တွင် စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးကော်မတီက ဦးဆောင်ပြုလုပ်သည့် "ပြည်သိမ်းအိမ်ပြန် တော်လှန်သကြံန်" ပွဲမှ ရရှိလာသည့် ရန်ပုံငွေ ကျပ်သိန်း ၅၀၀ ကို စစ်ဘေးရှောင်ပြည်သူများထံသို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာန က တဆင့် လှူဒါန်းခဲ့ပြီး ဧပြီ ၁၇ ရက်တွင် ဝန်ကြီးဌာနထံ ပေးပို့ခဲ့ကြောင်း စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးကော်မတီက အသိပေးထုတ်ပြန်ထားသည်။

ဝန်ကြီးဌာနအနေဖြင့် ယင်းရန်ပုံငွေကို ကျောက်ကြီး၊ ရွှေကျင်၊ နတ္တလင်း၊ ထန်းတပင် ဒေသများရှိ စစ်ဘေးရှောင်ပြည်သူများအတွက် အမိုးအကာနှင့်စားနပ်ရိက္ခာများထောက်ပံ့သွားမည်ဟု ဆက်လက်ဖော်ပြထားသည်။ https://go.nugmyanmar.org/b10c3a21

b10c3a21
Powered by Go.NUG

# ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

## တစ်ရက်အတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၃၀ နီးပါးသေဆုံး

အာဏာသိမ်း အကြမ်းဖက်စစ်အုပ်စု၏ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုများကို ပြည်သူလူထုတစ်ရပ်လုံးက အသက်ရှင်သန်ရေးအတွက် မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲလျက်ရှိရာ တစ်ရက်အတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၃၀ နီးပါးသေဆုံးပြီး ၂၅ ဦးထိခိုက်ဒဏ်ရာရရှိသည်အထိ ခုခံတိုက်ခိုက်နိုင်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဧပြီ ၁၅ ရက်တွင်ထုတ်ပြန်ခဲ့သည်။ https://go.nugmyanmar.org/081a9939

081a9939
Powered by Go.NUG




| သတင်းများ | သတင်းမှန် |
|---|---|




ဘူးသီးတောင်မြို့နယ်အတွင်းရှိ မွတ်စလင်ရွာများကို ရက္ခိုင့်တပ်တော် (AA) က အကြောင်းမဲ့ ပစ်ခတ်ကာ နေအိမ်များကို မီးရှို့ဖျက်ဆီးနေကြောင်းကို စစ်ကောင်စီလော်ဘီ မေယုဌာနေ တယ်လီဂရမ်မှ သတင်းများအနေဖြင့် ဖြန့်ချိလျက်ရှိပြီး ယင်းအကြောင်းအရာကို အခြားစစ်ကောင်စီ လော်ဘီများက ဆက်လက်မျှဝေထားကြသည်။







လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် မွတ်စလင်ကျေးရွာအနီး စစ်ကောင်စီတပ်နှင့် အပေါင်းပါ အာဆာလက်နက်ကိုင်တပ်များနှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဘက်က လက်နက်ကြီးများအပြင် လေကြောင်းကပါ တိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ကြောင်းကို ဖော်ပြခဲ့ကြသည်။ https://go.nugmyanmar.org/42d228dc https://go.nugmyanmar.org/05c7flc6

PVTV ၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော အပတ်စဉ်သတင်း၊ Fake or Authentic News အစီအစဉ်နှင့် အခြားသောအစီအစဉ်များကို www.youtube.com/@PVTVInternational-myanmar ကို Subscribe ပြုလုပ်၍ ကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။

| သတင်းမှား | သတင်းမှန် |
| --- | --- |
|  |   |
| TNLA နှင့် PDF ပူးပေါင်းတပ်များက ပြင်ဦးလွင် - မိုးကုတ် ကားလမ်းဘေး နောင်ချိုမြို့နယ် နယ်နိမိတ်အတွင်းက ဘုန်းကြီးကျောင်းများနှင့် လူနေအိမ်များကို မီးရှို့ဖျက်ဆီးနေကြကြောင်း၊ ရွာပတ်လည်ကို မိုးများထောင်သွားကြောင်း၊ စသည့် သတင်းမှားများကို စစ်ကောင်စီလော်ဘီ တယ်လီဂရမ်ချန်နယ်ဖြစ်သည့် နန်းငယ်ချန်နယ်မှ ရေးသားဖြန့်ချိလျက်ရှိသည်။ | လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်အစပ် နောင်ချိုမြို့နယ်ထဲမှ သရက်ကုန်းကျေးရွာတွင်ရှိသည့် စစ်ကောင်စီ အခြေချနေရာများကို Mandalay PDF က တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် စစ်ကောင်စီတပ်များက အင်အား ၅၀ ထက်မနည်း တပ်စွဲထားထသည့်အတွက် ဝင်ရောက်တိုက်ခိုက်ခဲ့ရကြောင်း ဖော်ပြထားသည်။<br>[https://go.nugmyanmar.org/0e3bce9e](https://go.nugmyanmar.org/0e3bce9e)<br>[https://go.nugmyanmar.org/2a00e877](https://go.nugmyanmar.org/2a00e877) |
|  |  |
| စီးပွားရေးအရ အရေးပါသည့် နယ်စပ်မြို့တစ်ခုဖြစ်သည့် မြဝတီမြို့ကို လက်လွှတ်လိုက်ရသည့် စစ်ကောင်စီက မြို့ကို ပြန်လည်သိမ်းယူရန်အတွက် အင်အားအပြည့်ဖြင့် စစ်ကြောင်းချီလာရာ လမ်းခုလတ်သာ ရှိသေးသော်လည်း ယင်းစစ်ကြောင်းကို မြဝတီမြို့ထဲသို့ ရောက်နေပြီဟု စစ်ကောင်စီလော်ဘီ စနိုးကွင်းတယ်လီဂရမ်ချန်နယ်မှ သတင်းမှားအနေဖြင့် ဖြန့်ချိလျက်ရှိသည်။ | ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟိုက မြဝတီကို ချီတက်လာသည့် စစ်ကြောင်းကို တော်လှန်ရေးမဟာမိတ် ပူးပေါင်းတပ်ဖွဲ့များက ကြားဖြတ်တိုက်ခိုက်သည့်အတွက် ရှေ့တိုးမရကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်ကို ကိုးကား၍ လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများက ဖော်ပြခဲ့ကြသည်။ ထို့ပြင် ကျားဖြူစစ်ကြောင်းက ယင်းစစ်ကောင်စီတပ်၏ စစ်ကြောင်းကို ကြားဖြတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ စစ်ကောင်စီတပ်မှ အရာရှိများသေဆုံးကြောင်း သတင်းဌာနများကို အသိပေးပြောကြားထားသည်ကို တွေ့ရှိရသည်။<br>[https://go.nugmyanmar.org/99d723d9](https://go.nugmyanmar.org/99d723d9)<br>[https://go.nugmyanmar.org/788b0ac2](https://go.nugmyanmar.org/788b0ac2)<br>[https://go.nugmyanmar.org/bf22193c](https://go.nugmyanmar.org/bf22193c) |

# ၂၀၂၄၊ ဧပြီ တတိယပတ် စစ်သတင်း သုံးသပ်ချက်

၂၀၂၄၊ ဧပြီ တတိယပတ်အတွင်း စစ်တက္ကသိုလ်၊ လေတပ်စခန်း၊ လက်နက်စက်ရုံ စသည့် မဟာဗျူဟာ ပစ်မှတ်များကို ဆက်တိုက် တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည်။

ပြင်ဦးလွင် စစ်တက္ကသိုလ်ကို (၁၀၇) မမ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ပြီး ထိခိုက်ဆုံးရှုံးမှုများ ပေါ်ပေါက်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှု မတိုင်ခင်ကလည်း စစ်တက္ကသိုလ်ကို မန္တလေးတိုင်း ပကဖ အဖွဲ့က (၁၀၇) မမ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သေးကာ စစ်တပ်အနေဖြင့် အရေးကြီး စစ်တက္ကသိုလ်များ ဧရိယာကိုပင် လုံခြုံအောင် ကာကွယ်နိုင်ခြင်း မရှိသည်ကို ပြသလျက်ရှိသည်။ အလားတူ မကွေးတိုင်း ဆိပ်ဖြူမြို့နယ်ရှိ အမှတ် (၂၁) ကာကွယ်ရေး ပစ္စည်း စက်ရုံကို မဟာဗျူဟာ စစ်ရေး ပစ်မှတ်အဖြစ် သတ်မှတ်ပြီး ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ ဆုံးဖြတ်ချက်ဖြင့် မကွေးတိုင်း ကွပ်ကဲရေးအဖွဲ့ တပ်ရင်း၊ တပ်ဖွဲ့များက (၁၀၇) မမ ဒုံးကျည်များ၊ ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့သည်။ မန္တလေးတိုင်း၊ တံတားဦး လေတပ်စခန်းကိုလည်း Freedom Revolution Force၊ စဉ့်ကိုင် ပကဖ နှင့် Kyaukse Revolution Army တို့က (၁၀၇) မမ ဒုံးကျည်များ၊ ၉၀ မမ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ နမ့်ပေါင် လေတပ်စခန်း ကိုလည်း NBPDF အဖွဲ့က (၁၀၇) မမ ဒုံးကျည် (၁၀) လုံး ဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများကို ကြည့်ပါက စစ်တက္ကသိုလ်၊ လေတပ်စခန်း၊ လက်နက်စက်ရုံ စသည့် မဟာဗျူဟာမြောက် ပစ်ခတ်များကို ပြည်သူ့ကာကွယ်ရေး တပ်မတော် နှင့် တော်လှန်ရေး အဖွဲ့များ တိုက်ခိုက်မှု အကြိမ်ရေနှင့် တိုက်ခိုက်မှု ပြင်းအား တိုးမြှင့်လာသည်ကို တွေ့ရသည်။ စစ်တပ်၏ နောက်တန်း မဟာဗျူဟာပစ်မှတ်များကို ယင်းသို့သော တိုက်ခိုက်မှုများ၊ ဝင်ရောက် စီးနင်းမှုများ ပေါ်ပေါက်လာပါက စစ်အာဏာရှင်များ၏ စစ်ဆင်တိုက်ခိုက်နိုင်စွမ်း လျော့ကျသွားမည်ဖြစ်သည်။

ပြင်ဦးလွင် စစ်တက္ကသိုလ်အနီး၊ နောင်ချိုမြို့နယ်၊ သရက်ကုန်းကျေးရွာရှိ စစ်တပ်စခန်းကို ဧပြီလ (၁၅) ရက်နေ့တွင် သိမ်းယူနိုင်လိုက်ကာ လက်နက်ငယ် (၄၀) ကျော်၊ ၆၀ မမ မော်တာ (၂) လက်နှင့် ခဲယမ်း အမြောက်အများ သိမ်းယူနိုင်လိုက်ကြောင်း ပြည်သူ့ကာကွယ်ရေး တပ်မတော် (မန္တလေး) က ထုတ်ပြန်ထားသည်။

ချင်းပြည်နယ်သို့ ရိက္ခာပို့ရန် ယာဉ်အစီး (၇၀) ဖြင့် မတ်လ (၂၂) နေ့တွင် ပခုက္ကူမြို့မှ ထွက်ခွာလာသည့် စစ်ယာဉ်တန်းသည် တော်လှန်ရေး အဖွဲ့များ၏ ကြားဖြတ် တိုက်ခိုက်မှုများကြောင့် ပေါက်မြို့နယ်အရောက်တွင် နောက်ပြန်လှည့်သွားခဲ့သည်။ ထို့အတွက် နယ်မြေစိုးမိုးမှုသည် ပြည်သူ့ကာကွယ်ရေး အဖွဲ့များလက်ထဲတွင်ရှိနေပြီး စစ်တပ်အနေဖြင့် ရှေ့တန်းနယ်မြေများရှိ စစ်စခန်းများကို ကုန်းလမ်းဖြင့် ရိက္ခာပို့ရန်ပင် ရုန်းကန်နေရသည်ကို တွေ့နိုင်သည်။

